# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

## DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

### (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထူးကြေညာချက်ပါ အကြံပြုချက်များအားကြိုဆိုပါသည်

(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့တွင် ထုတ်ပြန်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထူးကြေညာ ချက်(၁/၀၂–၀၆)သည် တိုင်းပြည်တွင် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့် အထွေထွေအကျပ်အတည်းများကို ကျော်လွှားလွန်မြောက်နိုင်စေရန်အတွက် **ပြေပြစ်ချောမွေ့ပြီး အမြော်အမြင်တရား ပြည့်ဝသောကြိုးပမ်း ဆောင်ရွက်မှု**တစ်ရပ်ဖြစ်ပါသည်။

ယင်းသို့ဆောင်ရွက်ကြိုးပမ်းချက်ကို ကျွန်တော်တို့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက အပြည့်အဝ ကြိုဆိုပါသည်။

ပြည်ထောင်စုနေ့အထူးကြေညာချက်တွင်ပါရှိသော (နအဖ)စစ်အစိုးရထံသို့ အကြံပြုထားသည့် (က)မှ (ည)အထိ အချက်များ၏အနှစ်သာရမှာ ပြည်သူလူထု၏ တခဲနက်ဆန္ဒဖြစ်သော (၁၉၉၀)ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲရလဒ်၊ ဒေါ်အောင်ဆန်းစုကြည်၏တည်ကြည်လေးနက်သော ဦးဆောင်မှုတို့ကို အခိုင်အမာ အသိအမှတ်ပြုစွဲကိုင်လျက် တိုင်းပြည်တွင် **“ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာမည့် အခြေအနေတစ်ရပ်”** အမြန်ဆုံးဖြစ်ထွန်းလာနိုင်စေရန် ရည်ရွယ်ရင်းဖြစ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထူးကြေညာချက်ကို ရှေ့မတိုးနောက်မဆုတ်ဖြစ်နေရသည့် တိုင်းပြည်၏နိုင်ငံရေး အခြေအနေကြီးကို အားမလိုအားမရဖြစ်နေကြသော တပ်မတော်အတွင်းရှိ တိုင်းချစ်ပြည်ချစ် တပ်မှူးတပ်သားအများစုကြီးက နှစ်ထောင်းအားရကြိုဆိုကြလိမ့်မည်ဟုအလေးအနက်ယုံကြည်ပါသည်။

ထို့အပြင် ကုလသမဂ္ဂနှင့် အာစီယံနိုင်ငံများကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တင်ပြအကြံပြု ကမ်းလှမ်းချက်ကို ဝမ်းပမ်းတသာလက်ခံကြိုဆိုရန်နှင့် ပါဝင်ကူညီဆောင်ရွက်ပေးရန် အသင့်ရှိလိမ့်မည်ဟုလည်း ကျွန်တော်တို့ ယုံကြည်မျှော်လင့်ပါသည်။

သို့ပါ၍ (နအဖ)စစ်အစိုးရကသာ တိုင်းပြည်နှင့်လူမျိုးပေါင်းစုံပြည်သူများ၏ ရေရှည်အကျိုးစီးပွားကို ဖြောင့်မတ်တည်ကြည်စွာကြည့်ရှုလျက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အကြံပြုချက်များကို လက်ခံဆောင်ရွက်လာနိုင်မည်ဆိုပါလျှင် **“တိုင်းပြည်နှင့် အမျိုးသားအင်အားစုများအားလုံးအတွက် အကျိုးရှိသောလမ်းစဉ်”** ဖြစ်လာမည်ဟု အလေးအနက်ယုံကြည်ပါသည်။

ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတင်ပြသည့်အကြံပြုချက်အတိုင်း ဖြစ်မြောက်အောင်မြင်လာစေရန် ပြည်တွင်းပြည်ပရှိ နိုင်ငံရေးအင်အားစုအားလုံးအပါအဝင် ပြည်သူလူထုတရပ်လုံးက ဝိုင်းဝန်းကြိုဆိုပါဝင်ဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(ဗဟိုဌာနချုပ်)

၂၀၀၆ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၁၃) ရက်။


ဆက်သွယ်ရန်။ ။ ဦးအောင်မိုးဇော် (ဥက္ကဋ္ဌ) ၆၆ ၅ ၀၅၂၂၃၆၂
ဦးငွေလင်း (တွဲဘက်အထွေထွေအတွင်းရေးမှူး) ၆၆ ၁ ၄၇၅၉၂၂၃